# စိုကာပူ ည



စင်္ကာပူဆိုတာ သီဟပုရ (**Siha Pura**) ခြင်္သေ့မြို့တော်လို့ အဓိပ္ပါယ်ရတယ်လို့ ဖတ်ဘူးပါတယ်။ တနည်းဆိုရလျှင် ရဲရင့်သူတို့နေရာလို့ အဓိပ္ပါယ်ထွက်မလားတော့ မသိပါဘူး။ ဘယ်လိုပဲအဓိပ္ပါယ်ထွက်ပါစေတော့။ သေချာမှုတစ်ခုကတော့ မတွေ့ရတာကြာပြီဖြစ်တဲ့ စွတ်စိုမှုနဲ့ ပူအိုက်မှုကို တပြိုင်တည်းခံစားနိုင်တဲ့ စိုပူရသကို ရုတ်တရက် တွေ့ထိလိုက်ရတာမို့ စိုကာပူလို့ ဆိုမယ်ဆိုလျှင်တော့ အလိုက်ဖက်ဆုံး ဖြစ်မယ်ထင်ပါတယ်။

ဒီနေ့ ဇန်နဝါရီ ၁၄၊ နံနက် ၁ နာရီမှာ ကမ္ဘာကျော် ချန်ဂီလေဆိပ်ကို ရောက်ပါတယ်။ လာကြိုတဲ့ စင်္ကာပူ အမျိုးသမီးနှစ်ဦးက တွေ့တွေ့ချင်း စင်္ကာပူကကြိုဆိုပါတယ်လို့ နှုတ်ဆက်တော့ ဒို့အဖို့တော့ စင်္ကာပူက ကံကောင်းတဲ့ကြိုဆိုမှု မဟုတ်ပါဘူးလို့ ပြန်ပြောဖြစ်ပါတယ်။ ဟုတ်တာပေါ့။ ဘယ်မှာလာလို့ ကံကောင်းတယ် ပြောနိုင်မှာလဲ။

ဆန်ဖရန်စစ္စကိုလေဆိပ်က ထွက်ခါနီးမှာ စင်္ကာပူလေကြောင်းဝန်ထမ်းတစ်ယောက်က ကိုယ့်လက်ဆွဲအိတ်က အလေးချိန်နည်းနည်း များနေတယ်။ ဒါကြောင့် လက်ဆွဲလုပ်သွားလို့ မရနိုင်ဘူး။ သူတို့ယူသွားပြီး **Baggage** လုပ်ရလိမ့်မယ် ဆိုပြီး ဖြတ်ပိုင်းစာရွက်လေးပေးကာ အိတ်ကိုဆွဲသွားပါတယ်။ လေဆိပ်မှာ လာရောက်တွေ့ဆုံတဲ့ ကိုခင်မောင်အေးကတော့ ပြောပါတယ်။ တန်ဖိုးရှိတာပါလျှင် ထုတ်ယူထားလိုက်ဖို့။ ဒါပမယ့် ကိုယ်ကိုယ်တိုင်ကိုက ကိုယ့်အိတ်ထဲမှာ ဘာမှတန်ဖိုးရှိတာပါတယ်လို့ သတိမှတ်မထားတော့ ဘာမှထုတ်မထားခဲ့ချင်ပါဘူး။ ကွန်ပြူတာတော့ပါတယ်လို့ပြောတော့ ဒါဆို ထိခိုက်နိုင်တယ်။ ထုတ်ထားလိုက်ပေါ့လို့ အကြံပြုတာနဲ့ ကွန်ပြူတာကိုတော့ ထုတ်ထားလိုက်တယ်။ ဒါကလည်း လေယဉ်ပေါ်မှာ ရိုက်ချင်တဲ့စာရှိက ရိုက်နိုင်အောင်ဆိုတဲ့ အတွေးနဲ့ပါ။ ကွန်ပြူတာကို ထိခိုက်မှာစိုးလို့တော့ မဟုတ်ပါဘူး။

တိုတိုပဲ ပြောပါရစေတော့။ လေဆိပ်ကအထွက်မှာ ကိုရွှေစင်္ကာပူ လူဝင်မှုကြီးကြပ်ရေးအရာရှိက ကိုယ့်ပတ်စပို့ကို ဖင်ပြန်ခေါင်းပြန်၊ အမီးလှန် ခေါင်းလှန်စစ်ပါတယ်။ သိကြတဲ့အတိုင်း ကိုယ့်ပတ်စပို့က ကမ္ဘာ့အရပ်ရပ်မှာ အလွန်ဂုဏ်သိက္ခာမြင့်တဲ့ ရွှေမြန်မာ ပတ်စပို့ မဟုတ်လား။ ပတ်စပို့ကြည့်ရုံတင် အားမရလို့ ကိုယ့်ရဲ့လေယဉ်ခရီးစဉ်ကိုပါ တောင်းပြန်ပါတယ်။ ဆန်ဖရန်စစ္စကိုကနေ စင်္ကာပူလေယာဉ် လက်

မှတ်ကိုသာယူထားပြီး ကျန်တဲ့ခရီးစဉ်စာရွက်ကိုတော့ လက်ဆွဲအိတ်ထဲမှာ ထည့်ထားတာမို့ လက်ဆွဲအိတ်က ကိုယ်နဲ့အတူ မပါလာနိုင်တော့ ဘယ်မှာ သူတောင်းတာကို ပေးနိုင်ပါ့မလဲ။

သို့ပေမယ့် အနည်းအကျဉ်း အပိုမေးမြန်းပြီး စင်္ကာပူနေထိုင်ခွင့်တစ်လ ထုပေးလိုက်ပါတယ်။ သူ့ဟာသူ တစ်လပေးပေး၊ တစ်နှစ်ပေးပေး ကိုယ့်အတွက်က ဘာမှ မထူးပါဘူး။ သူ့နိုင်ငံမှာ တစ်ညအိပ်ပြီး ကိုယ်က ဘန်ကောက်ကို ခရီးဆက်မှာပဲဟာ။ ဘာပဲဖြစ်ဖြစ် ကိုယ့်မြန်မာပတ်စပို့ကို သူများတွေထက်ပိုပြီး စစ်ဆေးတာကို ခံရတဲ့အတွက်တော့ စိတ်ထဲမှာ ကသိကအောက်ဖြစ်မိတာ အမှန်ပါပဲ။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်နေကြပါတယ်ဆိုတဲ့ ရွှေနိုင်ငံက ရွှေပုဂ္ဂိုလ်ကြီးတွေ ကိုယ့်အနီးအနားက မိတ်ဆွေဆိုသူများက ကိုယ့်နိုင်ငံသားတွေအပေါ်မှာ ဘယ်လိုပြုမူ သဘောထားတယ်ဆိုတာ သိစေချင်လှပါတယ်။ ကိုယ်သွားတဲ့အခါမှာ အထူးအခွင့်အရေးခံ နိုင်ငံကူးလက်မှတ်ကြီးတွေကိုင်ပြီး သွားခွင့်ရနေကြတာဆိုတော့ သာမန်လူတွေ ခံစားနေရတဲ့ သိမ်ငယ်မှုတွေ၊ အောက်ကျမှုတွေကို သိများမှ သိကြပါ့မလား မသိပါဘူး။

ကသိကအောက်ဖြစ်လို့မှ မဆုံးသေးဘူး။ ပစ္စည်းရွေးတဲ့နေရာရောက်တော့ ကိုယ့်လ်ဆွဲအိတ်က ဘယ်မှာသောင်တင် ကျန်နေရစ်သလဲ မသိဘူး။ ထွက်မလာနိုင်တော့ စောင့်ရတယ်။ အနီးအနားမှာ ဘယ်သူမှ မရှိ၊ ဘာ အိတ်မှ မကျန်တဲ့အခါမှာမှ တာဝန်ရှိအမျိုးသမီးတစ်ယောက်က အိတ်ပျောက်စုံစမ်းရမည့်နေရာမှာ သွားအကြောင်းကြားဖို့ပြောလာလို့ သွားခဲ့ရတယ်။ တယ်လီဖုန်းနံ့ ဟိုဆက်ဒီဆက် စုံစမ်းပေမယ့် အကြောင်းကတော့ ဘာမှထူးမလာပါဘူး။ ခရီးသွားရာမှာ မှတ်တမ်းတင်ဖို့ထည့်လာတဲ့ ဗီဒီယိုကင်မရာလည်း အိတ်ထဲမှာပါသွားလို့ ကိုယ့်စိတ်ကူးအကောင်အထည်ကို ဖျက်ဆီးတာ ခံလိုက်ရသလိုဖြစ်လို့ တော်တော်မှ ကသိသအောက်ဖြစ်ရပါတယ်။ ဒီအထဲ အသံဖမ်းရက်ကော်ဒါရယ်။ လက်ပတော့ ကွန်ပြူတာရဲ့ အဒက်ပတာရယ်၊ ကင်မရာရဲ့ အဒက်ပတာစတာတွေပါ ပါသွားလို့ စိတ်ကူးထားတဲ့ အစီအစဉ်များရဲ့ တော်တော်များများပါသွားသလို ခံစားရတယ်။ ပျောက်သွားတဲ့ပစ္စည်းကံကောင်းလှလို့ ပြန်ရလျင်တောင် မနက်ဖန်မှာ ထွက်ခွါမဲ့ ဘန်ကောက်ခရီးစဉ်အမှီဖြစ်ဖို့တော့ အခွင့်အလမ်းက အလွန်နည်းပါတယ်။
ဒါကြောင့် လာကြိုတဲ့ စင်္ကာပူအမျိုးသမီးများကို စင်္ကာပူက ဒို့အတွက် ကံကောင်းတဲ့ကြိုဆိုမှု မဟုတ်ပါဘူးလို့ ပြန်ပြောမိလိုက်တာပါ။ ခံလိုက်ရသူဆိုတော့ လာကြိုသူကိုတောင်မှပဲ မြန်မာပီပီ “အားနာ ပါးနာ နသသတိ”လေးပွားပြီး **Thank You** လို့ ကျေးဇူးစကား မဆိုလိုက်နိုင်ဘူး။

ဒီနေ့ နံနက်(၉) နာရီလောက်မှာ မိတ်ဆွေတစ်ပါး သီတင်းသုံးနေတဲ့ တရားရိပ်သာကို သွားရောက်တွေ့ဆုံခဲ့တယ်။ အဲဒီမှာ နေ့ဆွမ်းဘုဉ်းပေးပြီး စင်္ကာပူမြန်မာကျောင်းကြီးလို့ နာမည်ကြီးတဲ့ ပီနန်ဆရာတော်ကြီး ဦးစီးတဲ့ မြန်မာကျောင်းကြီးဆီကိုလည်း သွားရောက်ခဲ့တယ်။ အပြန်လမ်း **MRT** က အထွက်မှာ မမျှော်လင့်ပဲ ရုတ်တရက် မိုးနဲ့တိုးပါတယ်။ နေရှိန်ကြောင့် ပူလောင်နေတဲ့ ခန္ဓာကိုယ်မှာ ရွှာချလိုက်တဲ့ မိုးကြောင့် စင်္ကာပူကနေ စိုကာပူလို့ပြောင်းရမလိုဖြစ်နေပြီ လို့ လိုက်ပို့တဲ့သူကို ပြောဖြစ်ပါတယ်။

စင်ကာပူမှာသီတင်းသုံးနေတဲ့ ဆရာတော်ဦးရာဇိန္ဒကတော့ မိန့်တယ်။ စင်္ကာပူမှာနေရတာ ချမ်းသာတယ်ထင်ရပေမယ့် အရာရာအတွက် စနစ်တကျနဲ့ စီကာစဉ်ကာ ပူနေရတာမို့ စင်္ကာပူအစား စီကာစင်္ကာပူလို့ဆိုရင် ပိုသင့်လျော်မယ်တဲ့။ သူ့အတွေ့အကြုံနဲ့သူ ပြောတဲ့စကားဖြစ်မလားပါပဲ။

ခု စာရိုက်ချိန်က စင်္ကာပူစံတော်ချိန် ည ၁၂ နာရီ။ ခုထိ ပျောက်ဆုံးနေတဲ့အိတ်က အစအန ဘာသတင်းမှ မရသေး။ မနက်ဖန်မှာ ဘန်ကောက်ကို မထွက်ခွါမီအချိန်ထိ သတင်းအစအန ရနိုင်ဦးမယ်လို့လည်း မထင်မိပါဘူး။ ပျောက်သွားတဲ့ပစ္စည်းတွေအတွက် ကြောင့်ကြမဖြစ်မိပေမယ့် ကိုယ့်အစီအစဉ်အတိုင်း ဖြစ်မလာနိုင်မှာအတွက်တော့ အတန်ငယ် ပူပင်မိပါတယ်။

၁၂ နာရီအထိ ချွေးတစီးစီးနဲ့ စိုနေတဲ့ခန္ဓာ ကိုယ်ပေါ်မှာ မချောမမွေ့လှတဲ့ ခရီးစဉ်ကြောင့် ရင်မှာအပူဟပ်ခံရသလိုဖြစ်ရတာကလည်း စင်္ကာပူကနေ စိုကာပူဖြစ်လာရဖို့ အကြောင်းတစ်ခုလို့များ ဆိုရမလားပါ။ ခုလိုဖြစ်ရတာလေးတွေကပဲ စင်္ကာပူကနေ မခွါနိုင်အောင်ဖြစ်ကြရတဲ့ သူတွေအဖို့တော့ စင်္ကာပူရဲ့ **MRT SYSYTEM** ထက် ပိုပြီးချစ်စရာကောင်းတဲ့ စင်္ကာပူရဲ့ အလှရသ တစ်ပါးလို့များ ပြောချင်ကြမလားပါပဲ။ ။

အရှင်ဉာဏိက
ဇန္နဝါရီလ ၁၄ ရက်၊ ၂၀၀၈